# 2026 NAPLAN နိုင်ငံလုံးဆိုင်ရာ စာပေတတ်မြောက်မှုနှင့် အတွက်အချက် ကိန်းဂဏန်းများဆိုင်ရာ တတ်ကျွမ်းမှု

## ကျောင်းသားကျောင်းသူ တစ်ဦးခြင်းစီအတွက် အစီရင်ခံစာ

မိဘများနှင့် စောင့်ရှောက်သူများအတွက် သိကောင်းစရာများ



နိုင်ငံလုံးဆိုင်ရာ စာပေတတ်မြောက်မှုနှင့် အတွက်အချက် ကိန်းဂဏန်းများဆိုင်ရာ တတ်ကျွမ်းမှု (NAPLAN) ဆိုသည်မှာ 3 တန်း၊ 5 တန်း၊ 7 တန်းနှင့် 9 တန်း ကျောင်းသားကျောင်းသူများက ဖြေဆိုရသည့် စာပေတတ်မြောက်မှုနှင့် အတွက်အချက် ကိန်းဂဏန်းများဆိုင်ရာ တတ်ကျွမ်းမှု စိစစ်ခြင်း အစီအစဉ်ဖြစ်ပါသည်။ ဤစိစစ်မှုသည် ဩစတြေးလျားနိုင်ငံ ကျောင်းသားကျောင်းသူများ ဖြေဆိုရသည့် တစ်ခုတည်းသော နိုင်ငံလုံးဆိုင်ရာ စိစစ်မှုဖြစ်ပါသည်။ စာပေတတ်မြောက်မှုနှင့် အတွက်အချက် ကိန်းဂဏန်းများဆိုင်ရာ တတ်ကျွမ်းမှုများသည် ပညာဆည်းပူးခြင်း အားလုံးနှင့် လူမှုအဖွဲ့အစည်းအတွင်း ထိရောက်စွာ ပါဝင်ရန် စွမ်းရည်အတွက် အလွန်အရေးပါသည့် အခြေခံအုတ်မြစ်ဖြစ်ပါသည်။ NAPLAN မေးခွန်းများသည် အင်္ဂလိပ်စာနှင့် သင်္ချာ ဘာသာရပ်များတွင် ဩစတြေးလျားနိုင်ငံလုံးဆိုင်ရာ သင်ရိုးညွှန်းတမ်း နှင့်အညီ စိစစ်စစ်ဆေးသည်။

NAPLAN စာမေးပွဲများသည် ကျောင်းတိုင်း၏ စိစစ် စစ်ဆေးခြင်းနှင့် အစီရင်ခံခြင်း လုပ်ငန်းစဉ်များအနက် တစ်ခုသာ ဖြစ်ပါသည်။ ၎င်းသည် ကျောင်းသား ကျောင်းသူတိုင်းကို 2 နှစ်လျှင် တစ်ကြိမ်သာ စာမေးပွဲ ကျင်းပပေးသည့်အတွက် ၎င်းတို့သည် ဆရာဆရာမများက မပြတ်လုပ်ဆောင်နေသည့် ကျောင်းသားကျောင်းသူ စွမ်းဆောင်မှု စိစစ် အကဲဖြတ်ခြင်းကို အစားထိုး၍ မရနိုင်ပါ။ သင့်ကလေး၏ ပညာရေးဆိုင်ရာ တိုးတက်မှုကို သူ၏ ဆရာဆရာမက အကောင်းဆုံး နားလည်ပါလိမ့်မည်။ အခြားသော ကျောင်းစာမေးပွဲ အစီရင်ခံစာများနှင့်အတူ NAPLAN ကျောင်းသားကျောင်းသူ တစ်ဦးစီ၏ အစီရင်ခံစာများကို သင့်ကလေး၏ တိုးတက်မှုနှင့်ပတ်သက်ပြီး ဆရာဆရာမနှင့် ဆွေးနွေးရန် အသုံးပြုနိုင်ပါသည်။

## NAPLAN စာမေးပွဲများက ဘာကို စိစစ်သနည်း။

NAPLAN စာမေးပွဲများကို ဩစတြေးလျနိုင်ငံတစ်ဝန်း ကျောင်းများထံသို့ နှစ်စဉ် နှစ်တိုင်း မတ်လတွင် အွန်လိုင်း ပေးပို့ပါသည်။ အွန်လိုင်း စိစစ် အကဲဖြတ်ခြင်းသည် ကျောင်းသားကျောင်းသူများအတွက် ပိုမိုတိကျသည့် အဖြေများ ဖြေကြားပေးစေပြီး စာမေးပွဲအတွေ့အကြုံ ပိုမိုရရှိစေမည့် ကျောင်းသားကျောင်းသူ တစ်ဦးစီ၏ အဖြေများနှင့် အံဝင်ခွင်ကျဖြစ်မည့် မေးခွန်းများကို မေးထားပါသည်။

NAPLAN စာမေးပွဲမေးခွန်းများကို ကျောင်းသားကျောင်းသူများ ယခင်နှစ်များတွင် လေ့လာသင်ကြားခဲ့သည့် စာအရေးအဖတ်နှင့် အတွက်အချက် ဗဟုသုတနှင့် တတ်ကျွမ်းမှုအပေါ် အများဆုံး အခြေခံထားသည်။ ဤမေးခွန်းများကို ကျောင်းသားကျောင်းသူများ ယခင်နှစ်များအတွင်း ဆည်းပူးခဲ့သည့် နည်းလမ်းများကို အသုံးပြုပြီး ဖြေဆိုနိုင်ကြစေရန် ပုံဖော်ထားပါသည်။ ဤသို့ဖြင့် စွမ်းရည်အမျိုးမျိုး ရှိကြသည့် ကျောင်းသားကျောင်းသူများ မိမိတို့၏ ဘာလုပ်နိုင်သည်ကို ပြသနိုင်ရန် သေချာစေပါသည်။

NAPLAN စာမေးပွဲတွင် စစ်မေးသည့် ဗဟုသုတနှင့် ကျွမ်းကျင်မှုများဆိုင်ရာ အသေးစိတ် အချက်အလက်များကို [www.nap.edu.au](http://www.nap.edu.au) တွင် ဖတ်ရှုနိုင်ပါသည်။

## ကျွမ်းကျင်မှု စံနှုန်းများ

NAPLAN အောင်စာရင်းများသည် ကျောင်းသားကျောင်းသူ၏ ကျွမ်းကျင်မှုစံနှုန်းများနှင့်ပတ်သက်၍ စွမ်းဆောင်နိုင်မှုကို ရှင်းရှင်းလင်းလင်း အသိပေးဖော်ပြထားပါသည်။ ထိုစံနှုန်းများကို အခက်အခဲရှိအောင် သတ်မှတ်ပေးထားသော်လည်း ယခင်နှစ်များအတွင်း သင်ကြားခဲ့ရသည်များအား အဓိကအားဖြင့် အခြေခံထား၍ NAPLAN စာမေးပွဲ ဖြေဆိုချိန်တွင် ထိုကျောင်းသားကျောင်းသူတွင် ရှိသင့်ရှိထိုက်သောအဆင့် ရှိမည်ဟု မျှော်လင့်ပြီး စီစဉ်ထားပါသည်။

ကျွမ်းကျင်မှုစံနှုန်းများတွင် တတ်ကျွမ်းမှုအဆင့် ပါဝင်သည်များမှာ-

- **ရှိသင့်သည်ထက် သာလွန်သည်** - ကျောင်းသားကျောင်းသူ၏ အောင်မြင်မှုသည် စာမေးပွဲစစ်ချိန်တွင် မျှော်လင့်ထားသည်ထက် သာလွန်သည်။
- **အားကောင်းသည်** - ကျောင်းသားကျောင်းသူ၏ အောင်မြင်မှုတွင် အခက်အခဲရှိနေသော်လည်း စာမေးပွဲစစ်ချိန်တွင် ရှိသင့်ရှိထိုက်သော မျှော်လင့်ထားမှုများ ရှိသည်။
- **ဖွံ့ဖြိုးနေဆဲ** - ကျောင်းသားကျောင်းသူ၏ အောင်မြင်မှုသည် စာမေးပွဲစစ်ချိန်တွင် မျှော်လင့်ထားသည့် အဆင့်သို့ ကြိုးစားလုပ်ဆောင်နေသည်ကို ပြသသည်။
- **နောက်ထပ် ကူညီပံ့ပိုးမှုလိုအပ်သည်** - ကျောင်းသားကျောင်းသူ၏ ရလဒ်အဖြေမှာ စာမေးပွဲစစ်ချိန်တွင် မျှော်လင့်ထားသည့် သင်ယူတတ်မြောက်မှုအဆင့်များသို့ အောင်မြင်ခြင်း မရှိဟု ပြသသည်။ ၎င်းတို့သည် ကျေနပ်လောက်သော အောင်မြင်မှု ရရန်အတွက် နောက်ထပ် ကူညီပံ့ပိုးမှု လိုအပ်ကောင်း လိုအပ်နိုင်ပါသည်။

ကျောင်းသားကျောင်းသူ တစ်ဦးစီ၏ အစီရင်ခံစာ စာမျက်နှာ 4 တွင် တတ်ကျွမ်းမှုအဆင့်တိုင်း၌ ကျောင်းသားကျောင်းသူများ သိရှိသည့်အရာများနှင့် လုပ်နိုင်သည့်အရာများကို ပို၍ အသေးစိတ် အတိုခြုံး ဖော်ပြထားပါသည်။ ပိုမိုသိလိုပါက [www.nap.edu.au](http://www.nap.edu.au) တွင်ကြည့်ပါ။

## ကျွမ်းကျင်မှုအဆင့်များကို မည်ကဲ့သို့ သတ်မှတ်သနည်း။

တတ်သိပညာရှင် ဆရာဆရာမများက စိစစ်မှုကဏ္ဍတစ်ခုစီနှင့် အတန်းအဆင့်အတွက် မျှော်လင့်ထားသည့် သင်ယူတတ်မြောက်မှုကိုနှိုင်းယှဉ်၍ ကျွမ်းကျင်မှုအဆင့်များကို ဖော်ထုတ်ပါသည်။ ကျောင်းသားကျောင်းသူ၏ အစီရင်ခံစာနှင့်ပတ်သက်၍ မိဘများနှင့် စောင့်ရှောက်သူများ၏ မှတ်ချက်ပြုမှုကိုလည်း ဆွေးနွေးဟောပြောအုပ်စုများနှင့် နိုင်ငံလုံးဆိုင်ရာ မိဘအဖွဲ့အစည်းများမှတဆင့် တင်ပြထားပါသည်။

## NAPLAN အစီရင်ခံစာကို ဖတ်ရှုခြင်း

NAPLAN အစီရင်ခံစာတွင် စိစစ်မှုကဏ္ဍ (အတွက်အချက်၊ စာဖတ်၊ စာရေး၊ စာလုံးပေါင်းနှင့် သဒ္ဒါ၊ နှင့် ပုဒ်ဖြတ်ပုဒ်ရပ်များ) တစ်ခုစီအတွက် ကျွမ်းကျင်မှုအဆင့်ကို အနက်ရောင်အစက်ဖြင့် ကျောင်းသားကျောင်းသူ၏ အောင်စာရင်းတွင် ဖော်ပြ၍ ပြသထားသည်။

အစီရင်ခံစာတွင် ကလေးတစ်ယောက်စီ၏ အောင်မြင်မှုကို ၎င်းတို့၏ အတန်းနှစ်အတွက် (အနက်ရောင် တြိဂံကွက်ဖြင့်ပြသထားသော) နိုင်ငံလုံးဆိုင်ရာပျမ်းမျှ နှင့် ၎င်းတို့၏အတန်းအဆင့်ရှိ ကျောင်းသားကျောင်းသူများ၏ အလယ်အလတ် 60% အောင်မြင်မှုအတိုင်းအတာနှင့် နှိုင်းယှဉ်၍ (အရောင်ဖျော့ စတုဂံကွက်ဖြင့်ပြသပြီး) ဖော်ပြထားသည်။

NAPLAN အစီရင်ခံစာသည် ကျောင်းသားကျောင်းသူ၏ စွမ်းဆောင်နိုင်မှုနှင့်ပတ်သက်ပြီး အသုံးဝင်သော သိရှိနားလည်မှုကို ပေးစွမ်းနိုင်သည့် အဖိုးထိုက်တန်သော တိုင်းတာနည်းတစ်ခု ဖြစ်သော်လည်း အစီရင်ခံစာ တစ်ခုစီကို ၎င်းတို့မှာ စာမေးပွဲဖြေဆိုသည့်နေ့၌ ကျောင်းသားကျောင်းသူ၏ စွမ်းဆောင်ရည်ကို ဖော်ညွှန်းသည့်အတွက် သူတို့၏ သင်ယူတတ်မြောက်မှု တစ်ခုလုံးကို ခြုံငုံတိုင်းတာမှု မဟုတ်ကြောင်း ဂရုစိုက်၍ အဓိပ္ပါယ် ဖော်သင့်ပါသည်။ 2026 ခုနှစ် စာရေးသားမှု အောင်စာရင်းများတွင် အချို့သော ကျောင်းသားကျောင်းသူများသည် အွန်လိုင်း စာရေးသားမှု စာမေးပွဲတွင် အင်တာနက်ချိတ်ဆက်မှုကြောင့် အနှောင့်အယှက် ကြုံတွေ့ကြရသဖြင့် ဤအချက်မှာ အရေးကြီးပါသည်။


Translation © VCAA

## ကျွန်ုပ်ကလေး၏ အစီရင်ခံစာက စာရွက်ဖြင့် ဖြေဆိုသည်ဟု ရေးထားလျှင် ဘာဖြစ်မည်နည်း။

NAPLAN သည် အွန်လိုင်းဖြေရသော စာမေးပွဲဖြစ်သော်လည်း ကျောင်းသားကျောင်းသူများ စာရွက်ဖြင့် ဖြေဆိုနိုင်သည့် အခြေအနေ အနည်းငယ် ရှိကောင်း ရှိနိုင်ပါသည်။ ယင်းတို့ထဲတွင် ပါဝင်သည်များမှာ -

- ကျောင်းများသည် အသိအမှတ်ပြုထားသည့် အခြားသော သင်ရိုးညွှန်းတမ်းကို အသုံးပြုသည့်အခါ
- ကျောင်းသားကျောင်းသူများသည် ချွတ်ယွင်းသော အားနည်းချက်များရှိသည့် အကြောင်းရင်းများကြောင့် စာရွက်ဖြင့် ဖြေဆိုခြင်း လိုအပ်သည့်အခါ

3 တန်း ကျောင်းသားကျောင်းသူများသည် ၎င်းတို့၏ စာအရေး စာမေးပွဲကို စာရွက်ဖြင့် အမြဲတမ်း ဖြေဆိုကြရသည်။

## ကျွန်ုပ်ကလေး၏ စွမ်းဆောင်မှုကို ယခင် NAPLAN အစီရင်ခံစာများနှင့် နှိုင်းယှဉ်ကြည့်နိုင်ပါသနည်း။

2023 ခုနှစ်မှ နောက်ပိုင်း အောင်စာရင်းများကို 2008 ခုနှစ်မှ 2022 ခုနှစ်အထိ အောင်စာရင်းများနှင့် တိုက်ရိုက် နှိုင်းယှဉ်ကြည့်၍ မရနိုင်ပါ။ အကြောင်းမှာ အွန်လိုင်း စာမေးပွဲများနှင့် ပိုမို သင့်လျော်သည့် စိစစ်မှု စံနှုန်းအဆင့်အသစ်ကို စံချိန်စံညွှန်း အသစ်များဖြင့် စတင်သုံးစွဲခဲ့ခြင်းအပြင်၊ စာမေးပွဲများကို ဒုတိယသုံးလပတ် (Term 2) မှ ပထမ သုံးလပတ် (Term 1) သို့ ရွှေ့ပြောင်းစစ်ဆေးခဲ့ခြင်း တို့ကြောင့်ဖြစ်ပါသည်။

ယခုအခါ 5 တန်း၊ 7တန်းနှင့် 9 တန်း ကျောင်းသားကျောင်းသူများသည် NAPLAN နှစ်ကျော့စံနစ်ကို သတင်းပို့သည့် အစီအစဉ်သစ်အရ ဖြေဆိုပြီး ဖြစ်ကြသည်။ ဆိုလိုသည်မှာ မိမိတို့ 2024 ခုနှစ် နှင့် 2026 ခုနှစ်တွင် ရရှိခဲ့သည့် ကျောင်းသားကျောင်းသူ တစ်ဦးခြင်းစီ၏ အောင်မြင်မှု အစီရင်ခံစာများကို အသုံးပြုပြီး မိမိတို့ကလေး၏ ကျွမ်းကျင်မှု အဆင့်များကို နှိုင်းယှဉ်ကြည့်နိုင်ပါသည်။

2024 ခုနှစ် နှင့် 2026 ခုနှစ်တို့တွင် ကျောင်းသားကျောင်းသူ၏ ကျွမ်းကျင်မှုစံနှုန်းများကို နိုင်ငံလုံးဆိုင်ရာပျမ်းမျှနှင့် ကျောင်းသားကျောင်းသူများ၏ အလယ်အလတ် 60% အောင်မြင်မှုအတိုင်းအတာတို့နှင့်လည်း နှိုင်းယှဉ်၍ ကြည့်နိုင်ပါသည်။

ကျောင်းသားကျောင်းသူများ NAPLAN နှစ်များအတိုင်း တက်လှမ်းသွားကြရာတွင် လိုအပ်သည့် ကျွမ်းကျင်မှုအဆင့်တစ်ခုစီ၏ ခက်ခဲမှုသည် ပိုမိုလာသည်။ နှစ်အလိုက် ဆက်တိုက်၊ ဥပမာ၊ 3 တန်းနှင့် 5 တန်းတို့တွင် တူညီသည့် ကျွမ်းကျင်မှုအဆင့် ရနေစေကာမူ ကျောင်းသားကျောင်းသူသည် တိုးတက်မှုရှိနေမည်သာ ဖြစ်ပါသည်။

## ကျွန်ုပ်ကလေးကို NAPLAN ကမည်ကဲ့သို့အကူအညီပေးပါသနည်း။

NAPLAN က မိဘများနှင့် စောင့်ရှောက်သူများအား မိမိတို့၏ကလေး စာပေတတ်မြောက်မှုနှင့် အတွက်အချက် ကိန်းဂဏန်းများဆိုင်ရာ တတ်ကျွမ်းမှုတွင် နိုင်ငံလုံးဆိုင်ရာပျမ်းမျှနှင့် နှိုင်းယှဉ်လျှင် စွမ်းဆောင်နိုင်မှု မည်သို့ရှိကြောင်း အသိပေးသည်။ သင့်ကလေး၏ အောင်မြင်မှုအတိုင်းအတာကို ထိုစာသင်နှစ်နှင့် ကျွမ်းကျင်မှုအဆင့်များမှ ကျောင်းသားကျောင်းသူများ အားလုံး၏ နိုင်ငံလုံးဆိုင်ရာပျမ်းမျှနှင့် နှိုင်းယှဉ်ကြည့်နိုင်ပါသည်။

အောင်စာရင်းများက မိဘများ၊ စောင့်ရှောက်သူများနှင့် ကျောင်းသားကျောင်းသူများအား ကျောင်းသားကျောင်းသူ တစ်ဦးခြင်းစီ၏ တိုးတက်မှုကို ဆရာဆရာမများနှင့် ဆွေးနွေးရန် အထောက်အကူဖြစ်စေပါသည်။

## အောင်စာရင်းများသည် ကျွန်ုပ်၏ကလေး အနာဂတ်အပေါ် မည်ကဲ့သို့ အဓိပ္ပါယ်ရသနည်း။

NAPLAN အောင်စာရင်းများသည် သင့်ကလေး ၎င်းတို့၏ ကျောင်း သင်ရိုးညွှန်းတမ်းအရ လေ့လာသင်ကြားနေသည့် စာပေတတ်မြောက်မှုနှင့် အတွက်အချက် ကိန်းဂဏန်းများဆိုင်ရာ တတ်ကျွမ်းမှု စွမ်းရည်များနှင့် ပတ်သက်ပြီး အရေးကြီးသည့် အချက်အလက်များကို တင်ပြပေးသည်။ ထိုအောင်စာရင်းများသည် သင့်ကလေး ကျောင်း၌ဖြေဆိုသော အခြားသော စာမေးပွဲများအတွက်လည်း ဖြည့်စွက်ပံ့ပိုးပေးသည်၊ စာမေးပွဲများကျင်းပချိန်တွင် သင့်ကလေး၏ အောင်မြင်မှုများကို သင်နှင့် သင့်ကလေး၏ ဆရာဆရာမများအား သိရှိ နားလည်စေပါသည်။ ဤအချက်အလက်များအား သင့်ကလေး အကောင်းဆုံး လုပ်ဆောင်စေရန်အတွက် ပံ့ပိုးပေးရန် အသုံးချနိုင်ပါသည်။

အချို့ကျောင်းများသည် ၎င်းတို့၏ကျောင်းအပ်သည့်လုပ်ငန်းစဉ်၌ ကျောင်းအစီရင်ခံစာများအပြင် NAPLAN အစီရင်ခံစာများကို တောင်းခံနိုင်ပါသည်။ NAPLAN သည် ကျောင်းဝင်ခွင့် စာမေးပွဲအဖြစ် ပုံဖော်ထားသည် မဟုတ်ပါ၊ သို့သော် အောင်စာရင်းသည် ကျောင်းအသစ်ကို ကျောင်းသားကျောင်းသူ၏ ပညာသင်ကြားရေးဆိုင်ရာ လိုအပ်ချက်များ အသိပေးရာတွင် အသုံးဝင်ကောင်း ဝင်နိုင်ပါသည်။

## NAPLAN သည် ကျွန်ုပ်ကလေး၏ကျောင်းကို မည်သို့ အထောက်အကူပြုသနည်း။

NAPLAN သည် သြစတြေးလျနိုင်ငံ ကျောင်းသားကျောင်းသူ အားလုံး ဖြေဆိုကြရသည့် တစ်ခုတည်းသော နိုင်ငံလုံးဆိုင်ရာ စီစစ်စစ်ဆေးမှု ဖြစ်ပါသည်။ ဤသို့ပြုလုပ်ခြင်းဖြင့် အထောက်အကူဖြစ်စေသည်မှာ -

- ဆရာဆရာမများအား ပိုခက်ခဲသည့်စိန်ခေါ်မှုများ လိုအပ်သည့် သို့မဟုတ် အပိုကူညီပံ့ပိုးမှု လိုအပ်သည့် ကျောင်းသူကျောင်းသားများကို ဖော်ထုတ်နိုင်ရန်
- ကျောင်းများအား သင်ကြားပို့ချရေးဆိုင်ရာ အစီအစဉ်များတွင် အားသာချက်များနှင့် ပိုမိုတိုးတက်အောင်လုပ်ရန် လိုအပ်နေသေးသည့် ကဏ္ဍများကို ဖော်ထုတ်ရန်
- ကျောင်းများအား စာအရေးအဖတ်နှင့် အတွက်အချက် ရည်မှန်းချက်များ ချမှတ်ရန်
- ကျောင်းစနစ်များအား ကျောင်းများသို့ ချမှတ်ပေးထားသော အစီအစဉ်များနှင့် ပံ့ပိုးမှုကို ပြန်လည် သုံးသပ်စေရန် တို့ဖြစ်ပါသည်။

NAPLAN သည် အစိုးရများအား ပညာရေးဆိုင်ရာ အစီအစဉ်များ မည်သိုမည်ပုံ လုပ်ဆောင်နေကြကြောင်းနှင့် ကျောင်းသားကျောင်းသူများ အရေးကြီးသည့် စာပေတတ်မြောက်မှုနှင့် အတွက်အချက် ကိန်းဂဏန်းများဆိုင်ရာ တတ်ကျွမ်းမှု စံချိန်စံညွှန်းများနှင့် ကိုက်ညီမှု ရှိ/မရှိ စစ်ဆေးနိုင်စေရန်အတွက် တစ်နိုင်ငံလုံးအနေဖြင့် နှိုင်းယှဉ်နိုင်သော အချက်အလက်များကိုလည်း ပံ့ပိုးပေးထားပါသည်။

## အောင်စာရင်းများကို မည်သူတို့ကလည်း ကြည့်ရှုမည်နည်း။

နှစ်စဉ်နှစ်တိုင်း စာမေးပွဲ ကျင်းပရေး အာဏာပိုင်များသည် ကျောင်းများအား NAPLAN စာမေးပွဲဖြေဆိုသည့် ကျောင်းသားကျောင်းသူများ အားလုံး၏ အောင်စာရင်းများကို ပေးပို့သည်။ ကျောင်းများအနေနှင့် ကျောင်း၏တိုးတက်မှုကို အစီအစဉ်ရေးဆွဲရာ၌ အဆိုပါအောင်စာရင်းများကို အသုံးချရန် တိုက်တွန်းပါသည်။

ကျောင်းသားကျောင်းသူတစ်ဦးစီ၏ အစီရင်ခံစာများကို လျှို့ဝှက်ထားပါသည်။ သင့်ကလေး၏ အစီရင်ခံစာကို သင့်ဒေသ စာမေးပွဲ ကျင်းပရေး အာဏာပိုင်နှင့် သင့်ကလေးကျောင်းမှ ဝန်ထမ်းများမှလွဲ၍ မည်သူမျှ မကြည့်နိုင်ပါ။

ပျမ်းမျှ ကျောင်း အောင်စာရင်းများကို အများပြည်သူသို့ ဝက်ဘ်ဆိုက် **www.myschool.edu.au** ရှိ My School တွင် ထုတ်ပြန်ပေးထားသည်။ ဤဝက်ဘ်ဆိုက်ကို နှစ်ကုန်ဆုံးပိုင်းတွင် တစ်နှစ်စီ၏ အောင်စာရင်းများဖြင့် ပြင်ဆင်ထုတ်ပြန်ပေးပါမည်။ သင့်ကလေး၏ တစ်ခုချင်း အောင်စာရင်းများကို My School တွင် မရရှိနိုင်ပါ။


Translation © VCAA